# 1 ဂျပန်ဘာသာသင်ကြားရေး

## 1-2 ဂျပန်စာသင်တန်းများ

မြို့နယ်များနှင့် နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအသင်းများမှ ဆောင်ရွက်လျက်ရှိသော ဂျပန်စာသင်တန်းများသည် အခမဲ့ သို့မဟုတ် သက်သာသော အဖိုးအခများဖြင့် စာသင်ပေးလျက်ရှိပြီး မည်သူမဆိုတတ်ရောက်စာသင်နိုင်သည်။ ကလေးများအတွက်၊ ကလေးနှင့်မိဘများအတွက်၊ လူကြီးများအတွက် အစရှိသော သင်တန်းများကို ကွန်မျူနစ်တီစင်တာ၊ ပြည်သူ့ခန်းမ နှင့် စာသင်ကျောင်းများတွင် သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် အလယ်တန်းညကျောင်းများတွင်လည်း သင်ကြားပေးလျက်ရှိသည်။ အသေးစိပ်သိရှိလိုပါက သက်ဆိုင်ရာနိုင်ငံတကာကူးလူးဆက်ဆံရေးအသင်းများ၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများတွင် စုံစမ်းနိုင်သည်။

ခရိုင်အသီးသီး နှင့် Sendai မြို့နယ်၊ Saitama မြို့နယ်၊ Yokohama မြို့နယ်၊ Kawasaki မြို့နယ်၊ Shizuoka မြို့နယ်၊ Hamamatsu မြို့နယ်၊ Nagoya မြို့နယ်၊ Kyoto မြို့နယ်၊ Osaka မြို့နယ်၊ Kobe မြို့နယ်၊ Hiroshima မြို့နယ်၊ Kitakyusyu မြို့နယ်ရှိ နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်းများမှ ဆောင်ရွက်လျက်ရှိသော ဂျပန်စာသင်တန်းများ အောက်ပါအတိုင်းဖြစ်သည်။